# စံချိန်စံညွှန်းများ၊ လုပ်ငန်းအခြေခံစံနှုန်းများနှင့် အင်ဂျင်နီယာဆိုင်ရာ

# ကျင့်ထုံးများပြုစုရေးလုပ်ငန်းကော်မတီ၏ တာဝန်များ

(၁) အင်ဂျင်နီယာပညာနှင့် နည်းပညာဆိုင်ရာလုပ်ငန်းများ၏ အရည်အသွေး၊ အဆင့်အတန်း ထိန်းသိမ်းမြှင့်တင်နိုင်ရန်အတွက် မြန်မာ့စံချိန်စံညွှန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးနှင့် ပူးပေါင်းပြုစုခြင်း၊

(၂) အင်ဂျင်နီယာပညာနှင့် နည်းပညာဆိုင်ရာလုပ်ငန်းများ၏ အရည်အသွေး၊ အဆင့်အတန်း ထိန်းသိမ်းမြှင့်တင်နိုင်ရန်အတွက် လုပ်ငန်းအခြေခံစံနှုန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီး နှင့်ပူးပေါင်းပြုစုခြင်း၊

(၃) သက်ဆိုင်ရာအထူးပြုဘာသာရပ်အလိုက် အင်ဂျင်နီယာဆိုင်ရာကျင့်ထုံးများပြုစုနိုင်ရေးအတွက် အထူးပြုဘာသာရပ်အလိုက် အဖွဲ့များဖွဲ့၍ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အခြားအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(၄) အင်ဂျင်နီယာပညာနှင့် နည်းပညာဆိုင်ရာ လုပ်ငန်းများ၏ အရည်အသွေး၊ အဆင့်အတန်း ထိန်းသိမ်းမြှင့်တင်နိုင်ရန်အတွက် လိုအပ်သော လုပ်ထုံးလုပ်နည်းများအား ထုတ်ပြန်နိုင်ရန် ကောင်စီသို့ တင်ပြခြင်း၊